ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း
# National Community Driven Development Project
# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
## Village Development Plan (VDP)


တမံကြီးကျေးရွာ၊ ပီလခတ်ကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့


မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ..........၂
၂။ပီလခတ်အုပ်စုမြေပုံ..........၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း..........၄
၄။ကျေးရွာအခြေခံအချက်အလက်များ..........၄
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်..........၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ..........၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ..........၂၃
၈။ကျေးရွာကော်မတီဝင်များစာရင်း..........၂၄
၉။ပုံစံစ-၁။ကျေးရွာအချက်အလက်..........၂၅
၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်..........၂၈
၁၁။အစည်းအဝေးမှတ်တမ်းများ..........၃၁
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..........၃၅

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ ကြံပင်အုပ်စုမြေပုံ



ပီလခတ်ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
N
W
E
S
631
632
ညွှန်ပြချက်
ကျေးရွာနယ်နိမိတ်
အိမ်ကွက်၊မြေကွက်၊ခြံကွက်
လမ်း
စေတီ
ဘုန်းကြီးကျောင်း
ရေကန်
စာသင်ကျောင်း
ဆန်စက်
ဟိန္ဒူဘုရားကျောင်း

### ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ဗမာ ပီလခတ်ကျေးရွာ

၂။ ကုလား ပီလခတ်ကျေးရွာ

၃။ တမံကြီးကျေးရွာ

### ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

တမံကြီးကျေးရွာသည် ကျောက်တန်းမြို့မှ အရှေ့ဘက်(၅)မိုင် ခန့်အကွာတွင် တည်ရှိပါသည်။ ပီလခတ်အုပ်စု တွင်ပါဝင်ပါသည်။ ဗမာလူမျိုးများသာ နေထိုင်ကြပါသည်။ တမံကြီးကျေးရွာကို နှစ်ပေါင်း ၁၀၀ ကျော်ခန့်က အိမ်ခြေ (၇) အိမ်ဖြင့် စတင်တည်ခဲ့ပြီး တမံကြီးကို အမှီပြု၍ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်သောကြောင့် တမံကြီးကျေးရွာဟု ခေါ်တွင်ခဲ့ပါသည်။ ကျေးရွာ၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဆက်သောလမ်းမှ လယ်ကသင်းရိုး နှင့် မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် လွန်စွာခက်ခဲလှပါသည်။ ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာချင်းဆက်လမ်းမှာလဲ မြေသားလမ်း ဖြစ်သည့်အတွက် မိုးရာသီတွင်လွန်စွာခက်ခဲလှပါသည်။ ကျေးရွာအတွင်း သက်ကြီးရွယ်အိုများနှင့် ဥပုဒ်သီလစောင့်သူများအတွက် လမ်းပန်းခက်ခဲမှုရှိပါသည်။

လယ်ယာစိုက်ပျိုးရေး ရေးကို အဓိကထားစိုက်ပျိုးကြပါသည်။ မွေးမြူရေးတွင်လည်း ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲနှင့် ဆိတ် တို့ကို အနည်းငယ် မွေးမြူကြပါသည်။ အိမ်ဆိုင်များ အထည်ချုပ်တွင် လုပ်ကိုင်သူများ နေ့စားလုပ်ကိုင်သူများ ရှိသည့်အတွက် ဝင်ငွေအသင့်အတင့်ရှိပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၉ | ၁၃ | ၉ | ၂၂ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၁ | ၂ | ၀ | ၁ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက်၊ဘဲ | ဈေးဆိုင် | |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | |
| မတ်ပဲအနည်းငယ် | ဆိတ် | ရမာကာဆိုင် | |
| | | | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေမ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၉၀၀ | ၁၀၀ | - | မရှိ | -/၃ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၂ | ၁၅ | ၁ | ၄ | - | ၅ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | - | - | - | ၂၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၁ | ၃၅ | ၂၀ | ၄၂ | ၃၂ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၅-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၃၁ | ၂၇ | ၅၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၅-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၉ | ၆ | ၁၅ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၂၅-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၈ | ၆ | ၁၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၂၅-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၃ | ၁၅ | ၂၈ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၅-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၃ | ၁၅ | ၂၈ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၅-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၉ | ၆ | ၁၅ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအား သိရှိခြင်း |


## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



### သုံးသပ်ချက်

တမံကြီးကျေးရွာတွင် လူမှုအဆင့် ၃ဆင့်ရှိပြီး ထိုသူများသည် ကျေးရွာအတွင်းပြန့်ကျဲနေထိုင်ကြပါ သည်။ လမ်းပန်းဆက်သွယ်ရေးတွင် ရွာတွင်းလမ်းသည် ကွန်ကရစ်လမ်းဖြစ်သော်လည်း ကျဉ်းနေသည့် အတွက် ဆိုင်ကယ်များသွားလာရာတင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကျောင်းသူ/ကျောင်းသားများ အတွက် အန္တရာယ်ရှိနိုင်ပါသည်။ ရွာအရှေ့ခြမ်းနှင့် ဘုန်းတော်ကြီးကျောင်းသို့ဆက်သွယ်ထားသောလမ်းမှာ လယ်ကသင်းရိုးလမ်းဖြစ်နေပါသည်။ ၄င်း(၃)ခုကို ရိုးတစ်ခုခြားထားပါသည်။ ကျန်းမာရေးတွင် ကျေးရွာ အတွင်း ပြင်ပမှ လာဖွင့်ထားသော ဆေးခန်းတစ်ခုရှိပြီး အရံသားဖွားတစ်ဦးလည်းရှိပါသည်။ ရိုးရိုးသားဖွားနှင့် ဖျားနာခြင်းများကို ရွာတွင်သာကုသနိုင်ပါသည်။ အရေးကြီးသော လူနာများကို (၅) မိုင်ခန့်ကွာသော ကျောက်တန်းသို့ သွားရောက်ကုသရပါသည်။ ပညာရေးတွင် ကျေးရွာအတွင်းမူလွန်ကျောင်းသာရှိသဖြင့် ပညာဆက်လျှက်သင်ကြားနိုင်ရန်အတွက် (၅)မိုင်ဝေးသော ကျုံကန်ကျေးရွာနှင့် ကျောက်တန်းမြို့ပေါ်သို့ လာရောက်သင်ကြားရပါသည်။ သောက်သုံးရေအတွက် ကျေးရွာအတွင်းတွင် သောက်/သုံးရေ(၃) ကန်နှင့် စက်ရေတွင်း(၂) တွင်း ရှိသော်လည်း ရေကန်ခြံစည်းရိုးများပျက်စီးနေပါသဖြင့် ကျန်းမာရေးအတွက် ထိခိုက်နိုင်သလို ကလေးငယ်များတွက်လည်း အန္တာရယ်ဖြစ်စေနိုင်ပါသည်။ အရင်းအမြစ်များသည် ကျေးရွာ၏ မြောက်ဘက်၊ တောင်ဘက်၊ အနောက်တို့တွင်လယ်မြေများအား အသုံးပြု၍ စပါးကို အဓိကစိုက်ပျိုးကြပြီး စပါးရိတ်ပြီးချိန်တွင် ပဲတီစိမ်းစိုက်ပျိုးကြပါသည်။ လူတချို့က စက်ရုံအလုပ်လုပ်ကိုင်သူများနှင့် နေ့စားလုပ်ငန်း လုပ်ကိုင်သူများလဲရှိပါသည်။






### သုံးသပ်ချက်

ကျေးရွာအတွင်း လူနေမှု အဆင့်အား(၃) ဆင့် ချမ်းသာအိမ်ထောင်စု၊ အလယ်အလတ်အိမ်ထောင်စုနှင့် နွမ်းပါးသောအိမ်ထောင်စုဟူ၍ဖြစ်ပါသည်။ ချမ်းသာအိမ်ထောင်စုများပိုင်ဆိုင်ထားသော အရင်းအမြစ်များမှာ လယ်ကေ (၁၀) ကေမှ (၁၅)ထိ ပိုင်ဆိုင်ပြီးအိမ်၊ခြံဝင်း၊ ဆန်စက်၊ လယ်ထွန်စက်၊ ကား၊ ဆိုင်ကယ်၊ထော်လာဂျီ၊ TV တို့ကို ပိုင်ဆိုင်ထားပြီး အိမ်ထောင်စုမှာ (၈)အိမ်ထောင်စုနှင် (၁၀%) ရှိပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စု ပိုင်ဆိုင်ထားသော အရင်းအမြစ်များမှာ လယ်ကေ (၁၀)ကေအောက် ပိုင်ဆိုင်ထားပြီး အိမ်၊ ခြံ(နေမိုး၊ ထရံကာ) ဆိုင်ကယ်တို့ကို ပိုင်ဆိုင်ထားပြီး အိမ်ထောင်စုမှာ(၄၀) စုရှိပြီး ရာခိုင်နှုန်းမှာ (၅၀%) ရှိပါသည်။ နွမ်းပါးသော အိမ်ထောင်စုမှာ အိမ်၊ ခြံ၊ (နေမိုး၊ထရံကာ) ဆိုင်ကယ်၊တို့ကို ပိုင်ဆိုင်ထားကြပြီး နေ့စားလုပ်သမားများဖြစ်လုပ်ကိုင်ဆောင်ရွက်ကြသော အိမ်ထောင်စုမှာ (၃၃)စုရှိ၍ ရာခိုင်နှုန်းအားဖြင့်(၄၀%) ရှိပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကိုယ်ပိုင်အရင်းအနှီးမရှိခြင်း၊ အလုပ်အကိုင်အခွင့်လမ်းရှားပါးခြင်းကြောင့်ဖြစ်ပါသည်။

### ၃။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း။


ပိုင်ဆိုင်မှု သုံးသပ်ခြင်း
အရင်းအမြစ် ထိန်းချုပ်ခြင်း
ကျား
မ
ကျား+မ
အပ်ချုပ်စက်
ကား၊ဆိုင်ကယ်
စက်ရေတွင်း
ရေကန်
လယ်
စာသင်ကျောင်း





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** အမျိုးသားများ ကား၊ ဆိုင်ကယ်၊ စက်ရေတွင်း၊ ရေကန်၊ လယ်၊ စာသင်ကျောင်း၊ လယ်ထွန်စက်နှင့် အမျိုးသမီးများက အပ်ချုပ်စက်ကိုသာ ထိန်းချုပ်နိုင်သည်ကို တွေ့ရပါသည်။ အမျိုးသား၊ သမီးနှစ်ဦးလုံးက လမ်းမကြီးကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** အမျိုးသားများ အသုံးပြုသော အရင်းအမြစ်များမှာ ကား၊ ဆိုင်ကယ်၊ လယ်ထွန်စက်တို့ဖြစ်ပြီး အမျိုးသမီးများ အသုံးပြုသော အရင်းအမြစ်များမှာ အပ်ချုပ်စက် အပ်ချုပ်စက်အသုံးပြုသည်ကိုတွေ့ရပါသည်။ အမျိုးသား/သမီး နှစ်ဦးလုံးက ရေကန်၊ စာသင်ကျောင်း၊ လယ်၊ စက်ရေတွင်း၊ လမ်းမကြီးတို့ကို အသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

## ၄။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။




**သုံးသပ်ချက်**

**စပါးစိုက်ပျိုးရေး** ကဆုန်လတွင်စိုက်ပျိုးရန် မြေပြုပြင်ပြီး နယုန်လတွင်မျိုးကျဲကာ ဝါဆိုလတွင်စပါးစိုက်၍ သီတင်းကျွတ်တွင် စပါးရိတ်သိမ်းပါသည်။ တန်ဆောင်မုန်း၊နတ်တော်လများတွင် စပါးလုပ်ငန်းပြီးဆုံးပါသည်။

**ပဲစိုက်ပျိုးရေး** တန်ဆောင်မုန်းလတွင်ပဲစိုက်ပျိုးရန် မြေပြုပြင်ပြီး ပဲတီစိမ်းစတင်စိုက်ပျိုးကာ တပို့တွဲ၊တပေါင်းလများတွင် ပဲခူးခြင်းကိုလုပ်ကိုင်ပါသည်။

**ဝက်၊ကြက်၊ဘဲ၊ငန်းမွေးမြူရေး** ၁၂ ရာသီလုံး မွေးမြူရေးလုပ်ငန်းများကို အဆင်သင့်သလို မွေးမြူကြပါသည်။

**ကျန်းမာရေး** ကဆုန်၊နယုန်တွင် ဖျားနာကြပြီး ရာသီအကူးအပြောင်းဖြစ်သော သီတင်းကျွတ်၊ တဆောင်မုန်းလများတွင် တုတ်ကွေးဖြစ်နိုင်ချေများသည်ကို တွေ့ရပါသည်။

**သောက်သုံးရေ** သောက်ရေသုံးရေသည် ၁၂ ရာသီပတ်လုံး လုံလောက်မှုရှိပါသည်။


**ဝင်ငွေ** တန်ခူး၊ ကဆုန်၊ နယုန်၊ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တော်သလင်းလများတွင် ဝင်ငွေအနည်းငယ်သာရှိပြီး တန်ဆောင်မုန်း၊ နတ်တော် ၊ပြာသို၊တပို့တွဲလများတွင် ဝင်ငွေကောင်းသောလများဖြစ်ပါသည်။

**ထွက်ငွေ** တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ထွက်ငွေအများဆုံးဖြစ်ပြီး တော်သလင်း၊သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ တပို့တွဲ၊ တပေါင်းလများတွင်လည်း ထွက်ငွေများရှိနေသည်ကိုလည်းတွေ့ရှိရပါသည်။

**ပွဲတော်** တန်ခူးလတွင် သင်္ကြန်ပွဲ၊ သီတင်းကျွတ်လတွင်မီးထွန်းပွဲနှင့် ကထိန်ပွဲ ၊ တဆောင်မုန်းလတွင် မီးထွန်းပွဲ ၊ တပေါင်းလတွင် ရွာဘုရားပွဲ၊ တရားပွဲနှင့် ပဌာန်းပွဲတို့ပြုလုပ်ပါသည်။

**ရာသီဥတု** တန်ခူး၊ ကဆုန်လတွင် နေပူပြီး နယုန်လတွင်မိုးကျကာ ဝါဆိုလ၊ ဝါခေါင်၊ တော်သလင်းလတို့တွင် မိုးလိုင်လိုင် ရွာပါသည်။ သီတင်းကျွတ်လတွင် မိုးနည်းသွားပြီး ကျန်လများတွင် ရာသီဥတုသာယာပါသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်။





**သုံးသပ်ချက်**

အလုပ်ကိုင်အခွင့်လမ်း ၊ စီမံခန့်ခွဲရေး ၊ ဝင်ငွေ တို့တွင် အမျိုးသားများက ဦးဆောင်နေပြီး အမျိုးသမီးများက အားနည်းနေသည်ကို တွေ့ရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်း၊ ရှေးရိုးစွဲ အစဉ်အလာများ ကြောင့်ဖြစ်ပြီး အိမ်မှုကိစ္စလုပ်ငန်းများဖြင့်သာ အချိန်ကုန်နေသောကြောင့် ဖြစ်ပါသည်။

ဘာသာရေးနှင့် သာသနာရေးလုပ်ငန်းများတွင်အမျိုးသားရော အမျိုးသမီးပါ ရာခိုင်နှုန်း တူနေသည်ကို တွေ့ရပါသည်။ ကျန်းမာရေးတွင်လည်း ရာခိုင်နှုန်း ကွာခြားမှုမရှိသည်ကို တွေ့ရှိရပါသည်။

လူမှုရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်၍ အမျိုးသမီးများ ပါဝင်မှု အားနည်းနေပါသည်။

## ၆။ ဗင်းပုံစံ သုံးသပ်ချက်။




### သုံးသပ်ချက်

ကျေးရွာအတွင်း ဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ ဝတ်ရွတ်အသင်း၊ ပဌာန်းအဖွဲ့တို့သည် ဘာသာရေးလုပ်ငန်းများတွင် ဦးဆောင်လုပ်ကိုင်ပါသည်။ နာရေးကူသီမှုအသင်း၊ထမင်းချက်အဖွဲ့၊ ထမင်ကျွေးအဖွဲ့၊ အမျိုးသမီးလူငယ်အဖွဲ့တို့သည် ကျေးရွာ၏ သာရေးနာရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြပါသည်။ ကျောင်းကော်မတီအဖွဲ့၊ မိဘဆရာအသင်း၊ ပညာရေးမှူးရုံးနှင့် အုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပူးပေါင်းပြီးကျေးရွာ၏ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖတို့ပူးပေါင်းကာ အုပ်ချုပ်ရေးပိုင်းနှင့် အခြားလူမှုရေး

ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လုပ်ကိုင်ပါသည်။ ကျေးရွာ၏ ကျန်းမာရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပတ်မြန်မာနှင့် ဘီဂျီ ၊ စိုက်ဘဏ်တို့မှ ချေးငွေထုတ်ယူကာ လှည့်ပတ်သုံးစွဲနေကြပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊မျှော်မှန်းချက်များ ဖော်ထုတ်ခြင်း ၊ ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအားမဲပေး၍ ရွေးချယ်ခြင်း နှင့် စီမံကိန်းလုပ်ငန်းများအားဦးဆောင်ဆောင်ရွက်မည့် ကော်မတီဝင်များအား မဲပေး၍ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၄ . ၂ .၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော် ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအောင်ကျော်ထွန်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်မို့မို့ငြိမ်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဒေါ်ညွန့်ညွန့်မူ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဝင်းနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်သိန်းထိုက် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးကျော်ဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်အိအိခိုင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခင်ယုဝေ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးမောင်မောင်မြင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးအေးမြင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ကြည်သိန်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးမြင့်သောင်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဦးတင်ဝင်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဒေါ်သန်းသန်းမော် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၅ | ဦးမြင့်လွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်မြင့်မြင့်အေး | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဦးတင်မောင်လွင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၇) ယောက်ကျား-၁၀ ယောက် +မ ၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးအောင်ကျော်ထွန်း ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

၂။ဒေါ်မို့မို့ငြိမ်း ဘဏ္ဍာရေးဆပ်ကော်မတီ စာရင်းကိုင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ညိုညိုဝင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၂၃.၃ .၂၀၁၇

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | ၀၉ - 42823068 | [illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၆၁ | ဘာသာ (၁) ဗုဒ္ဓ | ၆၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | [illegible] (၁) | - | ၁ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား:(၁၃)၊မ(၁၀) | ဗုဒ္ဓ | ၂၃ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 169 | 160 |
| လူမျိုးစု (၁)--ဗမာ-- | 169 | 160 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၀ | ၁၁ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>ရုလွှင့်ကျောင်း | | | မှတ်ချက် | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | **ကွန်ကရစ်လမ်း** | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) **ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) **ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၂----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၃၅ မိနစ်-- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--၃၀ မိနစ်----------- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ  □ ရှိပါသည်  ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) နာရေး ကူညီမှု အသင်း

(၂) ရပ်ရေးရပ်ကာ

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ  ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်  အမည် ဦးအောင်မိုး

လက်မှတ် [signature]  နေ့စွဲ 15 . ၂ . ၂၀17

လူထုစည်းရုံးရေးမှူး  အမည် ဒေါ်ခင်ခင်ဝင်း

လက်မှတ် [signature]  နေ့စွဲ 15 . ၂ . ၂၀17

## ၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ညိုညိုဝင်း | |
| နေ့စွဲ ၁၅ . ၂ . ၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) |
| ပြည်နယ် / တိုင်း ရန်ကုန် မြို့နယ် ကော့မှူး | ကျေးရွာအုပ်စု ဗိုလ်ခတ် ကျေးရွာ ဓာမဲကြီး |

 က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းတိုးချဲ့ (ကျောက်ချလမ်းခင်းရန်) | ၁ | ပညာသင်ကြားရေးအတွက် ခက်ခဲခြင်း |
| ၂ | ရွာတောင်ဖိုင်းနှင့် မြောက်ဖိုင်းသွားလာရခက်ခဲခြင်း | ၂ | လျှပ်စစ်မီး မရှိခြင်း |
| ၃ | ဘုန်းကြီးကျောင်းသို့ သွားလာရခက်ခဲခြင်း | ၃ | အမျိုးသမီးများအတွက် အလုပ်အကိုင်ရှားပါးခြင်း |
| ၄ | ရေရှားပါးခြင်း ကြောင့် ရေအခက်အခဲရှိ | ၄ | အောင်ချမ်းသာရပ်ကွက်တွင်းလမ်း ခက်ခဲခြင်း |
| ၅ | ကျန်းမာရေးအတွက် အခက်အခဲရှိခြင်း | ၅ | ရေရှားပါးခြင်း ကြောင့် ရေအခက်အခဲရှိ |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းတိုးချဲ့ကျောက်ချခင်းရန် | ၁ | ရွာတွင်းလမ်းတိုးချဲ့ကျောက်ချခင်းရန် |
| ၂ | ရွာချင်းဆက်လမ်း (တောင်နှင့်မြောက်) | ၂ | ရွာချင်းဆက်လမ်း (တောင်နှင့်မြောက်) |
| ၃ | ရွာနှင့်ဘုန်းကြီးကျောင်းလမ်းနှင့်တံတား | ၃ | ရွာနှင့်ဘုန်းကြီးကျောင်းလမ်းနှင့်တံတား |
| ၄ | ရေကန်တူးဖော်၊ ခြံစည်းရိုးခတ်ရန် | ၄ | စက်ရေတွင်းတူးဖော်ရန် |
| ၅ | ဆေးပေးခန်း၊ အသစ်တည်ဆောက်ရန် | ၅ | အလယ်တန်းအဆင့်ရှိ သင်ကျောင်းဖွင့်ရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်းတိုးချဲ့ (ကျောက်ချ) | ကျား + မ | ၁၂,၀၀၀,၀၀၀ | ၃၂၉ |
| ၂။ | ရွာချင်းဆက်လမ်း (တောင်နှင့်မြောက်) | ကျား + မ | ၃,၇၀၀,၀၀၀ | ၃၂၉ |
| ၃။ | ရွာနှင့်ဘုန်းကြီးကျောင်းဆက် လမ်း/တံတား | ကျား + မ | ၇,၀၀၀,၀၀၀ | ၃၂၉ |
| ၄။ | အောင်ချမ်းသာလမ်း (ကျောက်ချ) | မ | ၃,၃၀၀,၀၀၀ | ၃၂၉ |
| ၅။ | ရေကန် ခြံစည်းရိုးခတ်ရန် | ကျား | ၅,၀၀၀,၀၀၀ | ၃၂၉ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမပင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | မိုက်ပွိုးမွေးမြူရေး အတွက် ရံပုံငွေ | ကျား + မ | |
| ၂၊ | အမျိုးသမီးများ အတွက် အလုပ်ကိုင် | မ | |
| ၃၊ | အမျိုးသမီးများ ချက်နည်း ပညာ သင်တန်း၊ | မ | |
| ၄၊ | ကျောင်းသားများ အတွက် နည်း ပညာ သင်တန်း၊ | ကျား | |
| ၅၊ | အလယ်တန်း အဆင့် စာသင်ကျောင်း ဖွင့်ရန် | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် ------------ နေ့စွဲ 15 . 2 . 2017

| | အမျိုးသား အဖွဲ့မှ ထင်မြင်သော မျှော်မှန်းချက် | | အမျိုးသမီး အဖွဲ့မှ ထင်မြင်သော မျှော်မှန်းချက် |
|---|---|---|---|
| ၆။ | ဈေးရှာ အတွက် အခွန် မဆောင် ရဖို့ | ၆ | စာကြည့်တိုက် အသစ် တခု ဆောက်ရဖို့ |
| ၇။ | ဝိုက်ပိုးမွေးမြူရေး အတွက် ရံပုံငွေ ရဖို့ | ၇။ | အမျိုးသမီး များအတွက် အလုပ်ကိုင် ရဖို့ |
| ၈။ | ကျောင်းသား များ အတွက် နည်းပညာ သင်တန်း ကျောင်း ဆောက်ပေးဖို့ ။ | ၈။ | အမျိုးသမီး များ အတွက် အသက်မွေးကျောင်း သင်တန်း များ ရဖို့ |

| | အမျိုးသားအဖွဲ့မှ တင်ပြသော အချက်အခါများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အချက်အခါများ |
|---|---|---|---|
| ၆။ | ဈေးရုံ အခန်းမကောင်း ဆောက်လုပ်ဖို့ | ၆။ | မူကြို ကျောင်း ဆောက်လုပ်ရန် |
| ၇။ | စိုက်ပျိုးမွေးမြူရေး အတွက် အရင်းအနှီး အခက်အခဲရှိ | ၇။ | အကြည့်ဆိုက် အဆောက် ဆောက်လုပ်ရန် |
| ၈။ | ကျောင်းသားများ အတွက် နည်းပညာ အသိပေး ပြုရန်။ | ၈။ | အမျိုးသမီးများ အတွက် နည်းပညာများ လိုအပ် |

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............ တမံကြီးကျေးရွာ

ကျေးရွာအုပ်စု ............ ပီမဲခက်ကျေးရွာ

အစည်းအဝေးပြုလုပ်သည့်နေရာ ............ တမံကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............ ၁၃ ၊ ၂ ၊ ၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ............ စီမံကိန်းမိတ်ဆက် ပထမ မကြိမ် အစည်းအဝေးနှင့် စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း။

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၃၁ )ဦး ၊မ ( ၂၇ )ဦး= ( ၅၈ ) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ လူထုဗဟိုပြု စီမံကိန်း၏ လုပ်ဆောင်ချက်များနှင့် ရည်ရွယ်ချက်များကို သိရှိစေရန်နှင့်၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်း။

ဆွေးနွေးချက်။ ။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျေးရွာဖွံ့ဖြိုးရေး အတွက် ရောက် လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများနှင့်အတူ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရွာလူထုအား အမှာစကား ပြောကြားခြင်း။

လူထုဗဟိုပြုစီမံကိန်းအား မိတ်ဆက်ခြင်းနှင့် စီမံကိန်းကို (၂၀၁၃) ခုနှစ်တွင် မြို့နယ် (၁၁)ခုဖြင့် စတင်ခဲ့၊ (၂၀၁၄၊၂၀၁၅) ခုနှစ်တွင် (၆) မြို့နယ်၊ ၂၀၁၅/၂၀၁၆ ခုနှစ်တွင် (၁၈) မြို့နယ်၊

(၂၀၁၆ ၊ ၂၀၁၇) ခုနှစ် မြို့နယ် (၂၀) ထပ်တိုးပြီး မြန်မာနိုင်ငံတွင် လူထု
ဗဟိုပြု စီမံကိန်း မှ မြို့နယ်ပေါင်း (၄၇) မြို့နယ် အကောင်အထည်
ဖော်လျက်ရှိပါသည်။ ရန်ပုံငွေ ထောက်ပံ့သော နိုင်ငံများ မှ မြန်မာနိုင်ငံ အစိုးရ
အီတလီ အစိုးရ ၊ ဂျပန် အစိုး နှင့် ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ကူညီ ပေးခဲ့ပါ
သည်ဟု စီမံကိန်း အကြောင်း သိရှိရန် အနည်းငယ် မိတ်ဆက်ပေးပြီး
စီမံကိန်း၏ ရည်ရွယ် ရှင်းပြီး စီမံကိန်း မိတ်ဆက် တွင် ပါရှိသော အချက်
(၁၅) ချက် ကို ရှင်းပြခြင်း ၊ ရန်ပုံငွေ နှင့် ပတ်သက် သည်များကိုလဲ
ထပ်မံ ရှင်းပြခဲ့ပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်း မှ ပါရှိသည့်
အပိုင်း (၆) ပိုင်း နှင့် အဆင့် (၁၄) ဆင့်ကို ရှင်းပြခြင်း ၊ အစိတ တာဝန်
ရှိသူ များ နှင့် အစိတ တာဝန် များကို ရှင်းပြခြင်း ၊ ထို့နောက် ကျေးရွာ စေတနာ
ဝန်ထမ်း ရွေးချယ် ရန် စေတနာ့ဝန်ထမ်း ၏ တာဝန် များ နှင့် စံ သတ်မှတ်ချက်
ရှင်းပြ၍ လူဦးရေ (၁၀၀) တွင် တစ်ဦး ထားရှိ ရန် အကြောင်း ပြောပြပြီး
ကျေးရွာ လူထုက ဘယ်နှစ်ယောက် ထားမည်ကို မေးမြန်းပြီး စေတနာ
ဝန်ထမ်း ရွေးချယ်ရန် ကျေးရွာ လူထုက အဆိုပြု ပေးရန် ရှင်းပြခဲ့ပါသည်။
ကျေးရွာလူထု က စေတနာ့ ဝန်ထမ်း (၂) ယောက် ထားရှိ မည် ဆိုသော
ကြောင့် (၄) ဦး အဆိုပြုပြီး ၎င်းတို့ကို မဲစနစ် ဖြင့် ရွေးချယ်လိုက်
သော အခါ ဦးမြင့်လွင် ၊ ဒေါ်မြင့်မြင့်အေး တို့ကို ရွေးချယ်ခဲ့ပါသည်။
ထို့နောက် အစည်းအဝေး ကို ညနေ ၄:၀၀ တွင် ရုပ်သိမ်း ခဲ့ပါသည်။

(signature)
ဒေါ်သိုးသိုးဝင်း
(မှတ်တမ်းတင်သူ)

လူထုဖော်ဆောင်ရေးစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ---------- ကမ်းကြီးကျေးရွာ ----------

ကျေးရွာအုပ်စု ---------- ဖိုးလခတ်ကျေးရွာ အုပ်စု ----------

အစည်းအဝေးပြုလုပ်သည့်နေရာ ---------- ကမ်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း ----------

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---------- ၁၅ ၊ ၂ ၊ ၂၀၁၇ ----------

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---------- စီမံကိန်းစု ရွေးချယ်ခြင်း နှင့် ကော်မတီ ဖွဲ့စည်းခြင်း ။ ----------

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၃၁ )ဦး ၊မ ( ၃၇ )ဦး= ( ၆၈ ) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်မှတ်တမ်းတင်သွပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ကျေးရွာအတွင်းရှိ အမျိုးသမီး အခက်အခဲနှင့် အမျိုးသားများ၏ အခက်အခဲများ သိစေရန်၊ ဦးစားပေး စီမံကိန်း လုပ်ငန်းစုများ ထွက်ပေါ်စေရန်၊ စီမံကိန်းကို ဦးဆောင်လုပ်ကိုင်မည့် ကော်မတီများ ပေါ်ထွက်စေရန်။

ဆွေးနွေးချက်။ ။ ကျေးရွာအတွင်းရှိ အမျိုးသားများ၏ အခက်အခဲ နှင့် မျှော်မှန်းချက်များ၊ အမျိုးသမီးများ၏ အခက်အခဲ နှင့် မျှော်မှန်းချက်များ ဆွေးနွေးလိုက်သော အခါ ၎င်းတို့မှ ဦးစားပေး စီမံကိန်းစုများ ထွက်ပေါ်လာပါသည်။ အမျိုးသား/သမီး တို့ အသိ လုပ်ငန်းစုများမှာ - (၁) ရွာတွင်းလမ်းများ၏ ကွန်ကရစ် လမ်းခင်းရန် (၂) ရွာဦးဆက်လမ်း (တောင်နှင့်မြောက်)၊ (၃) ရွာ နှင့် ဘုန်းတော်ကြီးကျောင်းဆက် လမ်းခင်းရန် နှင့် တံတားဆောက်ရန် (၄) ရေကန်တူး ဖော်ရန် နှင့် ခြံစည်းရိုး ခတ်ရန် (၅) စက်ရေတွင်း အသစ် တူးဖော်ရန် (၆) ကျေးရွာ ခန်းမဆောင် ဆောက်လုပ်ရန် (၇) ဆေးပေးခန်း အသစ်ဆောက်

လုပ်ရန် (၇) အားကစားကွင်း အဆင့်မြှင့်တင်ရန် ၊ (၈) အလယ်တန်းအဆင့် စာသင်ကျောင်း ဖြစ်ရန် (၉) ရေမြောင်း တူးဖော်ရန် (၁၀) လျှပ်စစ်မီး ရရှိရေး (၁၁) အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များစေရန် ၊ (၁၂) အောင်ချမ်းသာရပ်ကွက်လမ်း (ကွန်ကရစ်လမ်းအသစ်) (၁၃) တံတားကြည့်ထိုက် အသစ်ဆောက်လုပ်ရန် (၁၄) မူကြိုကျောင်း အသစ်ဆောက်လုပ်ရန် (၁၅) ခိုက်ပျိုးမွေးမြူရေး အတွက် အရင်းအနှီး ရရှိရန် (၁၆) ကျောင်းသားများအတွက် နည်းပညာ သင်တန်းကျောင်းများ တည်ဆောက်ရန် တို့ဖြစ်ပါသည်။ ၎င်းတို့ အထဲမှ အကျုံးဝင်သော စီမံကိန်းခွဲများကို မဲစနစ်များဖြင့် ရွေးချယ် လိုက်သော အခါ (၁) ရွာတွင်းလမ်းတိုးချဲ့ (ကွန်ကရစ်ခင်းရန်) (၂) ရွာနှင့် ဘုန်းကြီးကျောင်းလမ်း နှင့် တံတား ပြုလုပ်ရန် (၃) ရွာချင်းဆက်လမ်း (တောင်နှင့် မြောက်) (၄) အောင်ချမ်းသာရပ်ကွက် လမ်း (ကွန်ကရစ်ခင်းရန်) (၅) တံတားကြည့် ထိုက် အသစ် တည်ဆောက်ရန် (၆) ရေကန် ခြံစည်းရိုးခတ်ရန် (၇) ရေကန် ထိုးချဲ့တူးဖော်ရန် (၈) မူကြိုကျောင်း အသစ် တည်ဆောက်ရန် ၊ (၉) ဆက်ရေကွင်း အသစ် တူးဖော်ရန် (၁၀) ဆေးပေးခန်း အသစ်တည် ဆောက်ရန် (၁၁) ကျေးရွာ ရုံးမဆောင် တည်ဆောက်ရန် တို့ကို မဲစနစ် ဖြင့် ရွေးချယ်ခဲ့ပါသည်။

ထို့နောက် ကျေးရွာ စီမံကိန်းခွဲများကို ဦးဆောင်မည့် ကော်မတီ များ ဖွဲ့စည်းရာတွင် ပထမဦးဆုံး အနေဖြင့် ကျေးရွာ စီ၊ထောက် ခေါင်း ဆောင် နှစ်ဦး ကို ရွေးချယ် လိုက်သော အခါ ကျေးရွာ လူထု အဆိုပြု သော သူများထဲမှ မဲအများဆုံးဖြင့် ဦးအောင်ကျော်ထွန်း ၊

ဒေါ်မိုမိုငြိမ်း တို့ကို ရွေးချယ်ခဲ့ပါသည်။ ကျေးရွာ ငွေစာရင်းကိုင် ရွေးချယ်သော အခါ အသိုင်းအဝိုင်းတစ်ခုလုံးကို မဲခွဲ၍ ပြန်၍ ရွေးချယ်ခဲ့သော အခါ ဦးတင်မောင်လွင် ကို ရွေးချယ်ခဲ့ပါသည်။ ဝယ်ယူရေးအဖွဲ့ ကော်မတီ ကို ရွေးချယ်သော အခါ ဒေါ်နွန့်နွန့်မူ၊ ဦးဝင်းနိုင်၊ ဦးသိန်းထိုက်၊ ဆောင်ကြည့် ကြီးကြပ်ရေးအဖွဲ့ ကော်မတီ ကို ရွေးချယ်သော အခါ ဦးကျော်ဝင်း၊ ဒေါ်အိအိခိုင်၊ ဒေါ်ခင်ရူဘီ၊ တို့ကို ရွေးချယ်ခဲ့ပါသည်။ လုပ်ငန်းလည်ပတ်မြဲမြံ ထိန်းသိမ်းရေးအဖွဲ့ ကော်မတီ ကို ရွေးချယ်သော အခါ ဦးအောင်မောင်မြင့်၊ ဒေါ်အေးမြင့်၊ ဦးကြည်သိန်း တို့ကို မဲခွဲ၍ ပြန်၍ ရွေးချယ်လိုက်ပါသည်။ ဝေဖန်အကြံပြုမေးမြန်း အဖွဲ့ အကျက် ဦးမြင့်အောင်၊ ဦးတင်ဝင်း၊ ဒေါ်သန်းသန်းဝေ တို့ကို ကျေးရွာလူထု အသိုင်းအဝိုင်းသော သူများထဲက မဲခွဲ၍ ပြန်၍ ရွေးချယ်ခဲ့ပါသည်။ ထို့နောက် စီမံကိန်း နှင့် ပတ်သက်သော အကြောင်းအရာများကို ထပ်မံ၍ အကျဉ်းချုပ် ရှင်းပြခဲ့ပါသည်။

ဆုံးဖြတ်ချက်။ " ထမ်းကြီးကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် စီမံကိန်း လုပ်ရပ်များကို ဦးဆောင်လုပ်ငန်းမည့် ကော်မတီများ ကို ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်ပြီး၊ စီမံကိန်း၏ လမ်းညွှန်ချက်များ အတိုင်း ဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

ဒေါ်စိုးစိုးဝင်း
(မှတ်တမ်းတင်သူ)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- ○ PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - ▪ အလွန်ကောင်း
  - ▪ ကောင်း
  - ▪ ညံ့
- ○ လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ▪ ရှိ
  - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- ○ PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।